# ရူးရူး

ပုံရိပ်

လုံးချင်းဝတ္ထုသစ်



cOvEr :kk

SHWE THAMIEE PUBLISHING HOUSE

ပုံရိပ် ■ ရူးရူး

# အခန်း (၁) - (က)

လူတိုင်း… လူတိုင်း။

ဘဝတွင် ကြုံတွေ့ရတဲ့ အခိုက်တန့်လေးတစ်ခုခု (သို့) ပုံရိပ်လေးတစ်ခုခုကို အမြဲလိုလို အမှတ်ရလေ့ရှိကြ၏ ။

တချို့က ပြုံးနေကြပေမဲ့လည်း ပုံရိပ်လေးတစ်ခုက သူတို့ရင်ထဲတွင် ခိုအောင်းလျက်ရှိကြပါသည်။

တချို့က ထိုပုံရိပ်ကို အချိန်ကြာလာသည်နှင့်အမျှ မေ့သွားနိုင်သော်လည်း

တချို့ကတော့ ထိုပုံရိပ်နှင့်အတူ ဘဝ၏ နောက်ဆုံးအချိန်များအထိ အသက်ရှင်သွားလေ့ရှိပါသည်။

သို့သော်… သေချာတာကတော့ ပုံရိပ်ဆိုတာ ပုံရိပ်သက်သက်တစ်ခုပါပဲ။

ပုံရိပ်ဆိုတာ ဘယ်တော့မှ အသက်ဝင်လာမယ့်အရာမဟုတ်သလို သေဆုံးငြိမ်သက်သွားမယ့် အရာလည်း မဟုတ်ပါဘူး။

*

ရောင်စုံညဆိုတာ သူ ဒီနေ့ ကောင်းစွာမြင်ဖူးလိုက်ပြီပဲ။

ပတ်ဝန်းကျင်မှာ အလင်းရောင်မှိန်မှိန်သာရှိနေသော်လည်း သူ့အာရုံထဲတွင်တော့ ထိုအလင်းရောင်မှိန်မှိန်များက အရောင်ပေါင်းစုံ ဖန်တီးပေးနေပါ၏ ။

“ငါ့ကားရော? ငါ့မှာ ကားရှိတယ်လေ။ ဒါပေမဲ့ အခု ငါ လမ်းလျှောက်နေတာ မဟုတ်ဘူးလား?”

မှုမမှန်သည့် ခြေလှမ်းများ၏ သယ်ဆောင်ခြင်းအနောက်ကို ခန္ဓာကိုယ်က ယိမ်းယိုင်စွာလိုက်နေမိကာ သူမေးလိုက်မိရင်း သေချာအောင် ခြေထောက်ကို ပြင်းပြင်းထန်ထန်ဆောင့်လိုက်မိသည်။

“ဟုတ်တယ်။ ငါ လမ်းမပေါ်မှာ လမ်းလျှောက်နေတာပဲ။ နေပါဦး။ ငါလျှောက်နေတာ လမ်းမရော ဟုတ်ပါ့မလား? ရေကန်တစ်ခုထဲမှာများ လျှောက်နေမိတာလား? ဒါမှ မဟုတ် ကတ္တရာလမ်းလား? ဒါမှ မဟုတ် ပလိတ်ဖောင်းတစ်ခုပေါ်မှာလား?”

သေသေချာချာတွေးလိုက်သော်လည်း အဖြေက ထွက်မလာ။ မူးနောက်နေသည့် ခေါင်းက ဘာဆိုဘာကိုမှ အဖြေမထုတ်နိုင်။

ဒေါင်ချာဆိုင်းတယ်ဆိုတာ ဒီလို အရသာပါလား? မူးတာမှ ပတ်ပတ်လည်၊ ချာချာလည်အောင် မူးတာ။ ဒို့ထက်ဆိုးတာက ကိုယ့်အရှေ့က ဘာမှန်း မသိတဲ့အရာတွေက ကြီးလာလိုက်၊ သေးသွားလိုက်ဖြစ်နေတာ။ လေထဲ မြောက်တက်သွားလိုက်၊ မြေကြီးထဲ ကျွံဝင်သွားလိုက်ဖြစ်နေ တာ။

တစ်ခါတစ်ခါ သူ့အမြင်ထဲမှာ လမ်းဘေးဓါတ်တိုင်များပင် ချာချာအက က,နေကြသေးသည်။

“အဟား…”

က,နေသော ဓါတ်တိုင်ကြီးများကိုကြည့်ရင်း သူ သဘောကျစွာရယ်မောလိုက်မိပါသေးသည်။

သူ အနည်းငယ်မှတ်မိသည်က သူသောက်မည့် ဂီစကီခွက်ထဲကို လူယောက်က အဖြူရောင်ဆေးတောင့်လေးတစ်ခု လာထည့်ပေးလိုက် သည်ကိုပင်။

ထို့နောက် သူ ထိုဂီစကီခွက်မော့သောက်လိုက်သည်ကိုသာ မှတ်မိပြီး အခု ဘယ်လိုလုပ် ဒီကိုရောက်နေသည်ကိုတောင် မသိသည့် သူ့အဖြစ်။

“ဘယ်ကိုလှမ်း၊ ပြီးရင်ညာကိုလှမ်း၊ ပြီးရင် ဘယ်ကိုလှမ်း”

လျှာလေး၊ အာလေးဖြင့် တစ်ယောက်တည်း တီးတိုးရွတ်ရင်း သူ ခြေလှမ်းများ ရှေ့ဆက်ရေးကို အားကုန်ကြိုးစားနေရပါ၏ ။

မူးရီဝေ၊ ချာချာလည်နေသော သူ့ခေါင်းကြီးက ကမ္ဘာ့ကြမ်းပြင်ပေါ်သို့ ထိုးဆင်းသွားလိုက်၊ သူက မော့တင်လိုက်ဖြင့် အတော်ပင် အလုပ်ရှုတ် လျက်ရှိသည်။

“ဒါကြီးက ဘာလဲ?”

တကယ်တော့ အဲ့ဒါ ပလိပ်ဖောင်းပေါ်တွင် တင်ထားသည့် အမှိုက်ပုံး(အနက်)တစ်ပုံးပင်။

သို့သော် သူ့အမြင်ထဲတွင်တော့ ထိုအမှိုက်ပုံးအနက်ရောင်ကြီးက ကျားကြီးတစ်ကောင်လိုလို၊ ခြသေ့်ကြီးတစ်ကောင်လိုလို။

အမှိုက်ပုံးကို သူ သေချာ ခါးကိုင်း၍ စိုက်ကြည့်နေမိ၏ ။

“မင်းက ကျားလား? ခြသေ့်လား?”

သူ ကြည့်လေ။ ပိုပြီး ဝေဝါးလေလေ။

“မင်းက ဝက်ဝံတစ်ကောင်လား???”

မဖြစ်။ နီးလွန်းလို့ မမြင်တာလား? အင်း။ ဖြစ်နိုင်တယ်။ ဒါဆို ဒီကောင်ကြီးကို သေချာမြင်ရအောင် နောက်ဖက်ကို ခြေလှမ်းဆုတ်မှ။ ဒါမှ မြင်ရမှာလေ။

“ဘာကြီးလဲကွာ...”

နောက်သို့ ခြေလှမ်းဆုတ်ရင်းက သေချာစိုက်ကြည့်နေသော်လည်း

အဲ့ဒါကြီးကို သူ အမိပွဲယ် မဖော်နိုင်သေး။

ထိုစဉ် သူ့ဘေးတိုက်နေရာတစ်ခုမှ အလင်းတန်း(တကယ့်ကို လင်းသည့် အလင်းတန်း) တစ်ခုကို သူ ဖျက်ခနဲမြင်တွေ့လိုက်ရပြီးသည်နှင့်တပြိုင် နက် "ကျွီ" ဆိုသည့် အသံကြီးကိုပါ သူ ကြားလိုက်ရပါသည်။

"ကျွီ..."

"ဝုန်း..."

"ဟာ..."

အလင်းတန်းဝင်လာပြီး "ကျွီ"ဆိုသည့်အသံဖြစ်ပေါ်သည်။ ထို့နောက် သူ့ကို အရာတစ်ခုက ခပ်ပြင်းပြင်းဝင်တိုက်ပြီး လှဲချလိုက်နိုင်၏ ။

လဲကျသွားသည့်အရှိန် ပြင်း/ မပြင်းတော့ သူ သေချာမသိ။

သို့သော် ကမ္ဘာ့ကြမ်းပြင်နှင့် မိတ်ဆက်လိုက်သော သူ့ဒူးတစ်ဝိုက်အနားမှ ဂျင်းဘောင်းဘီစများ ဖွာလန်ကျဲသွားပြီး စေးကပ်ကပ်အထိတွေ့ တစ်ခုကို သူ သတိထားလိုက်နိုင်၏ ။ ခဏပဲကြာ၏ ။ စပ်သလိုလို၊ ဘာလိုလို အထိတွေ့ကိုလည်း ထိုးဒူးတစ်ဝိုက်မှ ခံစားလိုက်ရပြန်သည်။

"အား... နာလိုက်တာ..."

လွှတ်ခနဲပြောလိုက်သော စကားကြောင့် ဒူးရဲ့ခံစားမှုက နာကျင်နေခြင်းဖြစ်ကြောင်း သူ သတိထားလိုက်မိသည့်တခဏ၊ သူ့ကိုဝင်တိုက် လိုက်သည့် အရာကြီးထံမှ တံခါးဖွင့်သံနှင့်အတူ စည်းချက်မြန်နေသည့် ခြေသံတစ်စုံကိုလည်း ကြားလိုက်ရပါသည်။

ဘာလဲပေ့ါ။ သေချာအောင် အလင်းတန်းရှိနေသည့်နေရာကို ကြိုးစားပြီး အာရုံစုစည်းကာ သူ ကြည့်လိုက်မိပါသည်။

"ကောင်လေး... မင်း အရမ်းနာသွားလား... ဟင်?"

အလင်းတန်းကြားမှ အေးချမ်းလှသည့် အသံတစ်သံ။ နောက်ပြီး တည်ငြိမ်လှသည့် မျက်နှာတစ်ခုပေါ်က စိုးရိမ်သည့် အရိပ်ငွေ့တချို့။

သူ့ကို ထိုမျက်နှာပိုင်ရှင်က စိုးရိမ်နေသည်။ နောက်ပြီး သူ့အတွက် အတော်စိတ်မကောင်းဖြစ်နေပါသေးသည်။

ရီဝေမှုန်ဝါးနေသည့် အာရုံထဲသို့ အသံအေးအေးစိမ့်စိမ့်လေး စီးဆင်းလာပြီးသည့်နောက်တွင်တော့ သူ့အမြင်အာရုံရှင်းလင်းသွားရပြီး ဒေါင်ချာဆိုင်းနေသော ခံစားမှုတို့လည်း ပျောက်ရှကုန်၏ ။ တဆက်တည်းမှာပင် နွေးထွေးလှသည့် စိုးရိမ်မှုကို ဖန်တီးသော ထိုမျက်နှာကိုငေး ကြည့်ရင်း သူ မျက်ရည်ဝေ့ရသည်အထိ ရင်ခုန်သံများ မြန်ဆန်သွားရပါသေးသည်။

“ဟင်? ကောင်လေး။ မင်း ဒူးမှာ ပွန်းပဲ့သွားပြီး သွေးတွေလည်း ထွက်နေပါလား?”

သွေးတွေတဲ့။ အခု သူ အသံပိုင်ရှင်ကိုငေးကြည့်ရင်း ကိုယ့်ခန္ဓာကိုယ်မှ သွေးများယိုစီးနေသည်ကိုပင် မသိနိုင်တော့။

“ဟုတ်လား? သွေးတွေလား? ဘယ်မှာလဲ?”

“မင်းရဲ့ ဒူးမှာလေ။ မင်းကို တို့ကားနဲ့ တိုက်မိသွားသေးလား? တိုက်မိသွားတယ်နဲ့တူတယ်။ ဒါ့ကြောင့် မင်း လမ်းပေါ်ပြုတ်ကျသွားတာ”

ကားနဲ့တိုက်မိတယ်တဲ့။ သူ မသိပါ။ ကားကိုလည်း မသိ။ သွေးကိုလည်း မသိ။ ဒူးကိုလည်း မသိ။ အခုသူသိသည်က ထိုမျက်နှာ နွေးနွေးလေးကို။

နွေးထွေးမှုတွေ စုစည်းနေသည့် အေးချမ်းသည့်မျက်နှာလေးကိုသာ သိပါ၏ ။

“မင်း ဆေးခန်းသွားမလား ကောင်လေး။ အခု မင်းလှုတ်လို့ရလား? လာ... လာ... တို့ထူပေးမယ်”

ပြောပြောဆိုဆိုနှင့် သူ့လက်မောင်းတစ်ဖက်ကို လာရောက်ထိတွေ့သည့် လက်ဖဝါးနွေးနွေးလေး တစ်ဖက်။

ဘုရား၊ ဘုရား။ အခု သူရောက်နေတာ နတ်ပြည်များလား။ ဟုတ်မှာပါ။ နတ်ပြည်ပဲဖြစ်ပါစေ။

အသက်ရှင်လာတဲ့ သက်တမ်းတစ်လျှောက် ဒီနေ့ညက သူ့အတွက် တန်းဖိုးအရှိဆုံးညဖြစ်သွားရပါပြီ။ ကားပဲတိုက်တိုက်၊ မြွေပဲကိုက်ကိုက်ပါ။

သူမ၏ တွဲထူမှုဖြင့် သူ မတ်တပ်ရပ်လိုက်နိုင်သော်လည်း သူ့အကြည့်များက သူမ မျက်နှာတွင်သာရှိသေး၏ ။ နောက်ပြီး မက်မောစွာငေးကြည့်နေ ခြင်းသက်သက်သာ။

"မင်းကိုအခု တို့ ဆေးခန်းပို့ပေးမယ်။ ဟုတ်ပြီလား။ တို့ကို အားပြုပြီး လျှောက်ကြည့်"

"မဟုတ်ဘူး။ ခဏ... ခဏနေပါဦး"

ငေးကြည့်နေရင်း သူမကို သူ ခဏ တားမြစ်လိုက်ပြီး သူမ မျက်နှာလေးကို သေချာစွာ၊ မက်မောစွာ၊ နှစ်သက်စွာ ဆက်၍ ကြည့်နေမိသည်။

"အခု ကျွန်တော့်ကို ဒီက စိုးရိမ်နေတာလား? ဒါမှ မဟုတ်... ဘာလဲဟင်"

တခါမှ မတွေ့ဖူးတဲ့ စိုးရိမ်မှုကြီးကို သေချာအောင် သူ မေးလိုက်မိပါ၏ ။

"မင်းကို တို့စိုးရိမ်နေတာလေ။ တို့ကားနဲ့ မင်းကိုတိုက်လိုက်မိပြီး မင်းတစ်ခုခုဖြစ်သွားမှာ တို့စိုးရိမ်သင့်တာပေါ့"

"ဟုတ်လား? ဒါပေမဲ့... ကျွန်တော့်တစ်သက်မှာ ကျွန်တော့်ကို ဘယ်သူမှ ဒီလို မစိုးရိမ်ပေးဖူးဘူး။ ဒီနေ့က ပထမဦးဆုံး စိုးရိမ်ခံရတာ ပဲ"

လေးနက်စွာပြောလိုက်သော သူ့စကားများက သူမအဖို့တော့ အရက်နံ့ရနေသည့် လူတစ်ယောက်ထံမှ စကားများ သက်သက်သာ။ သူမ

ဟက်ခနဲပြုံးလိုက်မိပါသည်။

"ကဲပါ။ ထားပါတော့။ အခုတော့ မင်း ကြိုးစားပြီး လှမ်းကြည့်ပါကွာ။ တို့ မင်းကိုယ်ကြီးကို မနိုင်ဘူး"

"အခု ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ?"

"မင်းကိုပြောပြီးပြီလေ။ ဆေးခန်းတစ်ခုကို ခေါ်သွားမယ်လို့"

"ဟုတ်လား?"

ဟုတ်လား... ဆိုပြီး အခုမှ ကြည်လင်သွားသည့် သူ့အာရုံဖြင့် သူရောက်နေသည့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိပါ၏ ။

အခုန ဘာကောင်မှန်း မသိဖြစ်နေသည့် အရာကြီးက အမှိုက်ပုံးအနက်ရောင် တစ်ပုံးဖြစ်ကြောင်းနှင့် ထိုအနောက် ခြံဝန်းထဲမှ ညအလင်းရောင် မှိန်မှိန်အောက်တွင် ငူငူကြီးထိုင်နေသည့် တိုက်အိမ်ကြီးက သူ့အိမ်ဖြစ်ကြောင်း တွေ့လိုက်ရပါသည်။

"နေဦးဗျ။ အခု ကျွန်တော်တို့ ရပ်နေတဲ့ နေရာက ကျွန်တော့် အိမ်ရှေ့တည့်တည့်မှာ"

"ဟုတ်လား? ဒါဆို မင်းကို တို့ အိမ်ထဲအရင်ပို့ပေးမယ်ကွာ။ ပြီးရင် မင်း ဒဏ်ရာကို တစ်ချက်ကြည့်မယ်။ နောက်ပြီးမှ မင်းအတွက် လိုအပ်တာ ဆက်ပြီး စီစဉ်ပေးမယ်။ ဖြစ်လား? မင်း အိမ်ထဲက မိဘတွေကို နှိုးလိုက်လို့ ဖြစ်ရဲ့လား"

"ကျွန်တော့်ကို အခုလိုစိုးရိမ်ပေးနေတာက ဒီကရဲ့ကားနဲ့ တိုက်မိလို့ အမှုဖွင့်မှာစိုးလို့လား? ဒါမှမဟုတ်"

"ကဲပါ... မင်းစကားရှည်တာပဲ။ အခု မင်းအိမ်ထဲက ခိုးထွက်တာလား? မဟုတ်ဘူးဆိုရင် မင်းခြံဂိတ ဘဲလ်ကိုတို့သွားတီးတော့မယ်။ မင်းဒူးက သွေးထွက်လွန်ရင် မကောင်းဘူး"

သူမ သူ့စကားအဆုံးကို မစောင့်ပဲ စိတ်မရှည်သလိုလေးပြော၏ ။ ဒီလိုစိုးရိမ်မှုမျိုးအတွက် သွေးထွက်လွန်ရုံမက၊ အသက်ထွက်သွားရင်တောင် သူ ကျေနပ်မိမည်ပင်။ ဒါမျိုး သူ တစ်ခါမှ မကြုံဖူးပါ။ စိုးရိမ်ခံရခြင်းက နွေးလိုက်တာ... လွန်ပါဘိ။

"အိမ်မှာ ဘယ်သူမှ မရှိပါဘူး"

"ဒါဆို မင်းတစ်ယောက်တည်းနေတာပေါ့။ ဟုတ်လား?"

"ဟုတ်ကဲ့"

"ကောင်းပြီ။ ဒါဆို မင်းမှာ ခြံသော့နဲ့ အိမ်သော့ရှိတယ်ပေါ့"

"ကျွန်တော် အိမ်နဲ့ခြံကို ဘယ်တော့မှ သော့ခတ်လေ့မရှိဘူး"

သူမ သူနှင့်စကားနိုင်လုမနေတော့ပဲ သူ့ကိုတွဲလျက် သော့မရှိသော သူ့ခြံဝန်းတံခါးမှဖြတ်ပြီး သူ့အိမ်ထဲသို့ ဝင်ခဲ့လိုက်မိပါတော့သည်။

အိမ်ထဲရောက်မှ အိမ်တွင် ဒီကောင်လေးတစ်ယောက်တည်းနေကြောင်း သူမ ယုံကြည်သွားပါ၏ ။ မယုံကြည်လို့လည်း မဖြစ်တော့။ ကပိုကရိုနိုင် လှသော အိမ်တွင်းရှိ ပရိဘောကများ၊ စားလက်စ ပန်းကန်များ၊ သောက်ပြီး ဘီယာပုလင်းအလွတ်များက ဟိုတစ်လုံး၊ ဒီတစ်လုံးနှင့် နေရာအနှံ့ တွင်ရှိနေ၏ ။ နောက်ပြီး ဖုန်တက်နေသော အသုံးအဆောင်များအားလုံးက သူမကို ယုံကြည်အောင် စည်းရုံးလိုက်ပြီပင်။

"တော်ပါသေးရဲ့။ အရိုးကို မထိဘူး။ ဒီတော့... မင်း ဒီမှာ ခဏစောင့်။ တို့ကားထဲမှာ ပတ်တီးနဲ့ ဆေးရှိတယ်။ သွားယူခဲ့မယ်"

သူ့ကို ထိုင်ခုံတွင်ထိုင်ခိုင်းပြီး သူ့အရှေ့တွင် ဒူးထောက်ထိုင်ကာ သူ့ဒူးကိုသေချာစွာကြည့်ပြီး သူမ ပြောလိုက်ရင်း ထရန်ပြင်လိုက်စဉ် သူ့အရှေ့က သူမပျောက်သွားမည်ကို သေမတတ်စိုးရိမ်စွာ သူမ လက်ဖဝါးလေးတစ်ဖက်ကို

လှမ်းကိုင်လိုက်မိပါသည်။

ဆတ်ခနဲ လှမ်းကိုင်ခံလိုက်ရသော သူမ လက်ဖဝါးကို သူမ အံ့အားသင့်စွာ လှည့်ကြည့်ပြီးနောက် သူ့ကိုပါကြည့်လိုက်မိ၏ ။

"ပြန်လာခဲ့နော်။ ကျွန်တော် အရမ်းနာနေပြီ"

"အေးပါ ကောင်လေးရာ။ ပြန်လာမှာပါ။ ခဏပဲ"

ပြောပြီး သူမ အပြင်သို့ထွက်သွား၏ ။ သူမကျောပြင်ကို သူ မကြည့်ရဲစွာ မျက်နှာလွှဲလိုက်မိပါသည်။ သူမထွက်သွားသည်နှင့် သူ့အကြည့်များက ဖုန်တက်နေသည့် နံရံကပ် နာရီဆီသို့ ရောက်သွားပြီး သူမပြန်လာမည်ကို မက်မောစွာ မျှော်လင့်မိ၏ ။

"ကဲ... ကောင်လေး။ မင်း ဘောင်းဘီကတော့ ပြစ်ရသွားပြီ။ ဒါပေမဲ့ တို့ မင်းအတွက်တစ်ထည် ထပ်ဝယ်ပေးပါ့မယ်။ နော်"

အသံနှင့်အတူ အိမ်ထဲသို့ ဒုတိယအကြိမ်ပြန်ဝင်လာသော သူမကိုတွေ့လိုက်ရမှ သူ သက်မချလိုက်နိုင်၏ ။

တော်ပါသေးရဲ့။ သူမ ပြန်လာလို့။

"ကဲ... မင်း ဒူးကို ဒီပေါ်တင်"

သူ့ခြေထောက်ကို သူမ ကိုင်ကာ ဆေးထည့်ပေးမည်တဲ့။ ဟင့်အင်း။ မဖြစ်ပါ။ သူမက သူ့ထက် အသက်ကြီးနိုင်ပါ၏ ။ ဒါဆို သူ ငရဲကြီးနိုင်တယ်လေ။

"မဖြစ်ပါဘူး။ ကျွန်တော်က ဒီကထက် အသက်ငယ်မှာပါ"

"ကဲပါ ကောင်လေးရယ်။ မင်းက တို့သားအရွယ်ပဲ ရှိပါတယ်။ ကိုယ့်အမေက ပြုစုပေးတယ်လို့ပဲ သဘောထားလိုက်ပါကွာ။ ဟုတ်ပြီလား။ နောက်ပြီး တို့က ဆရာဝန်ပါ။ မင်းဒဏ်ရာအတွက် စိတ်ချ"

ပြောပြီးသည်နှင့် သူ့ဒူးမှ ဒဏ်ရာကို သူမက သန့်ရှင်းရေးလုပ်၊ ဆေးထည့်၊ ပတ်တီးစည်းပေးဖြင့် အလုပ်ရှုတ်နေစဉ် သူကတော့ သူမ မျက်နှာလေးကို မက်မောစွာငေးကြည့်ရင်း သူ့ရင်ခုန်သံများ အလုပ်ရှုတ်လျက်ရှိပါ၏ ။

"ကဲ… ပြီးပြီ။ မနက်ဖန် မသက်သာရင် ဆေးခန်းသွား။ နောက်ပြီး တို့ကားနဲ့တိုက်မိတဲ့အတွက် မင်း အမှုဖွင့်ချင်လည်း ဖွင့်"

တကယ်လို့ သူ့အိမ်က အချုပ်ခန်းသော်၎င်း၊ မိန်းမထောင်သော်၎င်း ဖြစ်နေပါက သူမကို သူ အမှုဖွင့်ပြီး အချုပ်ကျအောင်၊ ထောင်ကျအောင် လုပ်မိမည်ပင်။ သူမကို အိမ်ထဲမှာ အမြဲခေါ်ထားဖို့ပေါ့။

"ကျွန်တော် အမှုမဖွင့်ချင်ပါဘူး။ နောက်ပြီး ကျွန်တော်က ကားလမ်းပေါ်ရောက်နေတာလေ"

"မင်း တစ်ခုခုသောက်ထားသေးတယ် မို့လား?"

"ဟုတ်ကဲ့။ သောက်ထားပါတယ်။ နောက်ပြီး…"

"ထားပါတော့။ ညဉ့်လည်းနက်နေပြီဆိုတော့ တို့ပြန်ဦးမယ်။ မနက်ဖန် မင်းဒဏ်ရာ သက်သာ/မသက်သာ သိရအောင် တို့လာကြည့်ပေးမယ်။ တကယ်လို့ မသက်သာရင်လည်း ဆေးခန်းသွားပြကြတာပေါ့"

"ပြောတော့ ဒီက ဆရာဝန်ဆို"

သူမကိုခေါ်ဖို့ သူ့တွင် နာမ်စားရှာရခက်နေ၏ ။ "မမ"လို့လည်း မခေါ်ချင်။ "အန်တီ"လို့ခေါ်ရလောက်အောင်လည်း သူမအသက်က ထိုမျှလောက် မကြီးသေး။

"တို့က မင်း စိတ်ချအောင် ပြောတာပါ"

"မနက်ဖန် လာကြည့်ဖြစ်အောင် လာကြည့်ပေးပါနော်"

“အေးပါ။ တို့လာခဲ့ပေးမယ်”

ပြောပြီး သူမက ဆေးထည့်တုန်းက သုံးသည့်အရာများကို သိမ်းဆည်းနေ၏ ။

“တော်ပါသေးရဲ့။ ဒီနေ့ တို့မှာ ဆေးနဲ့ ပတ်တီးကားပေါ်မှာ ပါလာလို့။ ခါတိုင်းဆို ပါလေ့မရှိဘူးကွ”

“အော်…”

သူ့အကြည့်များက သူမ မျက်နှာပေါ်တွင်ပင် ရစ်ဝဲနေပါသေးသည်။

“ကဲ… တို့ပြန်ပြီနော်”

“လာခဲ့မှာနော်”

“အေးပါ”

“ကျွန်တော် မျှော်နေမှာနော်”

“စိတ်ချပါ။ လာခဲ့မယ်”

“မနက်ဖန်နော်”

“အင်းလေ”

“မနက်ပိုင်းလား”

“မနက်ပိုင်း လာနိုင်အောင် ကြိုးစားပါ့မယ်။ မလာဖြစ်ရင်လည်း နေ့လည်ပိုင်း၊ ညနေပိုင်းလောက်ပေါ့”

“ဒါပေမဲ့ လာမှာပဲ မဟုတ်လား?”

“အေးပေါ့။ ဒါမှ မင်းဒဏ်ရာအခြေအနေကို သိရမှာလေ”

“ကျွန်တော် စောင့်နေပါ့မယ်။ လာဖြစ်အောင် လာပါနော်။ ကျွန်တော်

တခြားဆေးခန်း ပြမှာမဟုတ်ဘူး”

သူမကို သူ ကလေးသူငယ်တစ်ယောက်လို တတွတ်တွတ်မှာကြားနေစဉ်မှာပင် သူမ လက်ပြရင်း သူ့အရှေ့မှထွက်သွားပြီဖြစ်ပါသည်။

မူးရီဝေကာဒေါင်ချာဆိုင်းနေသည့် ညတစ်ညက သူ့ဆီကို နွေးထွေးတဲ့အပြုံးပိုင်ရှင်တစ်ယောက် ခေါ်ဆောင်လာလိမ့်မည်ဟု သူတစ်ခါမှ မထင်မှတ်ဖူးချေ။ မမျှော်လင့်ဖူးချေ။ သို့သော် မထင်မှတ်စွာ ရောက်လာသော ထိုအမျိုးသမီးက သူ့ကို စိုးရိမ်ပေးတတ်သလို၊ အေးစက်နေတဲ့ သူ့ရင်ခုန် သံများကို နိုးကြွသွားစေနိုင်ပါ၏ ။

သူ့အသက် ၁၉ နှစ်တွင် ပထမဦးဆုံး ခုန်ဖူးသည့် ရင်ခုန်ခြင်းဖြစ်ကြောင်း ဘယ်သူ့ကို ရင်ဖွင့်ရပါမည်နည်း။

သူ့အတွက် မျှဝေခံစားပေမဲ့သူ မရှိသည့် တိတ်ဆိတ်နေသည့် အိမ်ကြီး၏ နံရံများကိုသာ ထပ်ကာထပ်ကာ ပြောပြီး ရင်ဖွင့်ရင်း ဧည့်ခန်းထဲတွင် အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားရပါတော့သည်။

ယနေ့ည နံရံများ တော်တော်နားငြီးသွားရရှာ၏ ။

သူ ယနေ့ည အရာအားလုံးကို အပိုင်ရလိုက်နိုင်ပြီပင်။ ကမ္ဘာကြီးရဲ့ဘုရင်ဆိုတာ သူပဲပေါ့။ ဟုတ်တယ်။ သူပါပဲ။

*

မျက်လုံး ၂ လုံးပွင့်သွားပြီး ပတ်ဝန်းကျင်ကို မကြည့်ခင် သူ မှတ်မိသည်က ညက အသံအေးအေးငြိမ့်ငြိမ့်လေး။

“ကောင်လေး... မင်း အရမ်းနာသွားလား... ဟင်?”

အသံကြောင့် သူ အပြုံးတစ်ခုကိုပန်ဆင်ရင်း ထ,ထိုင်လိုက်မိပါသည်။

ဒူးတစ်ဝိုက်က ပတ်တီးကိုကြည့်ခြင်းအားဖြင့် ညက သူတွေ့ခဲ့တဲ့ နတ်သမီးက အိမ်မက်မဟုတ်သည်မှာ သေချာသွားပြီပင်။

ဒူးက နာနေ၏ ။ မတ်တပ်ရပ်ကြည့်တော့ သွေးစတို့ကြောင့် တင်းပြီးနာကျင်နေပါသည်။

ထိုစဉ် ဧည့်ခန်းတဝိုက်တွင် ထောင်လိုက်တမျိုး၊ လဲလိုက်တစ်မျိုးနှင့် မွစာကျဲနေသည့် FEDERBRÄU BEER ပုလင်းခွံများ၊ စားလက်စ ပေကျံနေ သည့် ပန်းကန်တချို့။ အမှိုက်ဟု အမည်တပ်နိုင်သည့် စွန့်ပစ်ပစ္စည်းများ။ နောက်ပြီး ဆေးကတ်တချို့။

ဒီဆေးကတ်တချို့ကိုကြည့်ခြင်းအားဖြင့် သူသည် မူးယစ်စေသည့် ဆေးဝါးများကို သုံးဆွဲတတ်ကြောင်း၊ ဘီယာများကို Limit မရှိ သောက်တတ်တဲ့ လူတစ်ယောက်ဖြစ်ကြောင်းတို့ကို သူမ သိသွားနိုင်ပါသည်။

သူ့ကို ဒီလိုမျိုး မြင်သွားပြီး သူမ လုံးဝ မဆက်သွယ်တော့ဘူးဆိုရင်… ဟင့်အင်း။ မဖြစ်ပါ။ သူမနှင့် မဆက်သွယ်လို့တော့ မဖြစ်တော့။ တခဏလေးသာ ကြာမြင့်သော အခိုက်တန့်လေးတစ်မှာပင် သူမက သူ့ရင်ခုန်သံများကို အုပ်ချုပ်လိုက်နိုင်ပြီပင်။

ဒူးနားက နာကျင်နေသော်လည်း အားတင်းကာ အသင့်ရှိနေသော အမှိုက်အိတ်ထဲသို့ ဘီယာပုလင်းခွံများကို သိမ်းကြုံးထည့်လိုက်မိပါသည်။

နောက်ပြီး ဆေးကဒ်များ။ နောက်ပြီး မွစာကျဲနေသည့် အမှိုက်ခွံများ။

ကျန်သေးတယ်။ အကယ်၍ သူမ တစ်ခုခုသောရန် ရေခဲသေတ္တာကိုဖွင့်ကြည့်လိုက်လျှင် ရေခဲသေတ္တာအပြည့်ထည့်ထားသည့် ဘီယာပုလင်းများ ကိုမြင်သွားပြီး စိတ်ခုနိုင်သည်။ သူ့ကို အထင်သေးနိုင်သည်။ ဒါဆိုလည်း မဖြစ်ပြန်။

ဘာမှ ရှည်ရှည်ဝေးဝေးမစဉ်းစားတော့ပဲ ရေခဲသေတ္တာကိုပါဖွင့်ပြီး အတွင်းရှိ ဘီယာပုလင်းများအားလုံးကိုလည်း အမှိုက်အိတ်ထဲသို့ အလျှင်စလို သိမ်းကြုံးထည့်လိုက်သောကြောင့် တချို့ဘီယာပုလင်းများကွဲသွားပြီး အမြှုပ်တစ်စီစီထွက်ကုန်ပါ၏ ။

စိတ်လောဖြင့် အိတ်ထဲသို့ သိမ်းကြုံး၍ သာ ထည့်နေသော်လည်း တကယ်တမ်းတော့ သူ ထိုအိတ်ကို မသယ်နိုင်တော့။

ဒါပေမဲ့ ဒီအတိုင်းနေလို့မဖြစ်။

ထို့ကြောင့် Yellow Pages အကူညီဖြင့် အိမ်တွင်းသန့်ရှင်းရေးလုပ်ပေးသည့် Service တစ်ခုစီသို့ ဖုန်းဆက်လိုက်မိပါသည်။

ဖုန်းဆက်သင့်ပါ၏ ။ အိမ်ထဲမှာလည်း ဖုန်တွေတက်နေသည်ပဲ။ သန့်သန့်ရှင်းရှင်းလေးဖြစ်သင့်သည်လေ။

ဖုန်းဆက်ပြီး လိပ်စာပြောလိုက်တော့ အိမ်သန့်ရှင်းရေးလုပ်ပေးမည့် ဝန်ထမ်းများကို မကြာခင်လွှတ်ပေးလိုက်မည်တဲ့။

ဒါဆို အဆင်ပြေပြီ။ အိမ်သန့်ရှင်းရေးအတွက် သူ စိတ်ပူစရာမလိုတော့။

အခု သူ ဘာကို ဆက်ပြီးပြင်ဆင်သင့်သနည်း။ မနေ့က သူမပြောတဲ့စကားလေးတစ်ခွန်းက သူ့နားထဲသို့ စီးဝင်လာပြန်သည်။

“တော်ပါသေးရဲ့။ ဒီနေ့ တို့မှာ ဆေးနဲ့ ပတ်တီးကားပေါ်မှာ ပါလာလို့။ ခါတိုင်းဆို ပါလေ့မရှိဘူးကွ”

သူမ ရောက်လာရင် ဆေးတို့၊ ပတ်တီးတို့ လိုအပ်နိုင်သည်ပဲ။ တကယ်လို့ သူမတွင် ပါမလာပါက သူ့ကို သူမ အားနာနေရဦးမည်။ ဒါမှမဟုတ် သူ့ကို သူမစိုးရိမ်ပြီး ဆေးခန်းသို့ခေါ်သွားနိုင်ပါသေးသည်။ ဒါဆို သူမနှင့်သာ နှစ်ယောက်တည်းနေရမည့်အချိန်တွင် ဘုမသိ၊ ဘမသိ ဆရာဝန် တစ်ယောက်က

ကန့်လန့်ကန့်လန့် ပါလာဦးမည်။ ထိုအစီစဉ်ကို သူ မလိုလားပါ။

ထို့ကြောင့် သူ များစွာမစဉ်းစားတော့ပဲ အနီးဆုံး Market တစ်ခုမှ လိုအပ်သည့် ဆေးပစ္စည်းများကိုဝယ်ရန် ထွက်လာခဲ့မိပါတော့သည်။

အိမ်အဝတွင်တော့ စာတစ်စောင်ကပ်ပြီးထားခဲ့ပါသည်။

သင်တို့ရောက်လာလျှင် အိမ်သန့်ရှင်းရေး လုပ်ထားလိုက်ပါ။ ကျွန်တော် ပြန်လာတာနဲ့ ကျသင့်ငွေ ရှင်းပေးပါ့မယ်။

*

မှုံရီဝေဝါးနေတဲ့

အာရုံညစ်ညစ်တွေက

သူမ အသံ အေးအေးလေးကို

တစ်သက်တာ

မှတ်ကျောက်တင်လိုက်၏ ။

*

လန်းဆန်းမှု၊ တက်ကြွမှု အတိဖြင့် ဖြစ်ပေါ်နေသော သူ့ခြေလှမ်းများနှင့် သူ Market မှ မှန်တံခါးကြီး တွန်းပြီး အတွင်းသို့ဝင်လိုက်ပါသည်။

ထို့နောက် သူလိုချင်သည့် ဆေးပစ္စည်းများရနိုင်သော ကောင်တာကို အရင်ဦးဆုံး ဟိုဒီကြည့်ပြီး ရှာဖွေလိုက်မိစဉ် သူဘယ်လိုမှ မမျှော်လင့်ထား သည့် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရပါသည်။

ထိုမြင်ကွင်းကိုတွေ့လိုက်ရသည်နှင့်တပြိုင်နက် သူ့တွင်ဖြစ်ပေါ်နေသော လန်းဆန်းမှု၊ တက်ကြွမှုများ အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက် ကုန်သည်။ ချက်ချင်းလိုလိုပင် မတ်မတ်ရပ်ထားသည့် ခြေထောက်တစ်ဖက်၏ ဒူးမှ နာကျင်သော

ခံစားမှုကလည်း ပိုပြီးပြင်းထန်လာသယောင်။

ထိုမြင်ကွင်းကိုကြည့်ရင်း စိုးရိမ်မှုများဖြစ်ပေါ်လာသည်။ သို့သော် ခြေထောက်၏ နာကျင်မှုကို လစ်လျူရှုကာ သူ ထိုမြင်ကွင်းအနီးသို့ တိုးကပ်သွားလိုက်မိသည်။

တိုးကပ်ပြီး နားစွင့်နေစဉ်မှာပင် ကြားလိုက်ရသော စကားတစ်ချို့က သူ့စိုးရိမ်မှုကို အသက်သွင်းလိုက်၏ ။ တပြိုင်နက်လိုလိုမှာပင် ပါးပြင်သို့ မျက်ရည်များ မြင်မကောင်းအောင် ကျဆင်းလာရပါတော့သည်။

ညကမှ မြင်လိုက်ရသည့် သူ့ နတ်ပြည်လေးက ၂၄ နာရီတောင် မခံနိုင်ပဲ ပျက်သွားရတော့မည်တဲ့လား။

မဖြစ်ပါစေနဲ့ဗျာ။ မဖြစ်ပါစေနဲ့။

မျက်ရည်ဖြိုင်ဖြိုင်ကျနေသော သူ့ကို အသက် ၇ နှစ်ခန့်ရှိမည့် ကောင်လေးတစ်ယောက်က နားမလည်စွာ မော့၍ ကြည့်နေ၏ ။ ယောကျ်ားကြီးတန်မဲ့ ငိုနေသော သူ့ကို ဘယ်ကလေးက နားလည်နိုင်မလဲ?

“ငါ ဘာဖြစ်လို့ အခုလို ငိုနေလဲဆိုတာ… မင်း… ငါ့အရွယ်ရောက်မှ သိမှာ။ ကြားလား”

ကလေးက ကြောက်လန့်သလိုလေး ခေါင်းညိတ်ပြ၏ ။ သူလည်း ကျနေသော မျက်ရည်များကို သုတ်လိုက်ပါသည်။

“ကဲ… အခု မင်း ငါ့အရှေ့က ထွက်သွားတော့။ ငါ့ကို မင်း မမြင်ဖူးဘူးလို့သာ မှတ်လိုက်တော့…”

သူ့စကားလည်းဆုံး ကလေးလေးကလည်း သူ့အရှေ့မှ တရှိန်ထိုးထွက်ပြေးသွားပြီး သူ့မိခင်ဟုထင်ရသော မိန်းမအနားသို့ တိုးကပ်သွားပါသည်။

သူလည်း ဒီနေရာတွင် ဆက်မနေဝံ့တော့ပါ။

Market ထဲမှ တရှိန်ထိုး ပြေးထွက်လာသော သူသည် ဝယ်မည့် ဆေးပစ္စည်းများကိုပါ မေ့ခဲ့ပါတော့သည်။

လမ်းပေါ်သို့ရောက်သော်လည်း ခံစားမှုအတိဖြင့် သူ တဟုန်ထိုး ဆက်လက်ပြေးနေမိပါသည်။

မဖြစ်ပါစေနဲ့ဗျာ။ မြင်ခဲ့သော မြင်ကွင်းရော၊ ကြားရသော စကားတွေရော အားလုံး အတုတွေချည်း ဖြစ်ပါစေ။ နောက်ဆုံး အခုန သူဝင်သွားသည့် Market ကြီးတစ်ခုလုံး အတုအယောင်ကြီးပဲ ဖြစ်ပါစေဗျာ။

*

နေရောင်ချည်ဖျာနေသော မနက်ခင်းလေးတစ်ခုတွင်ဖြစ်သည်။

လူတိုင်း၊ လူတိုင်း ကိုယ့်အလုပ်ရှိရာ ကိုယ်စီကိုယ်စီ အလုပ်ရှုတ်လျက်ရှိသည်။

လူအများဖြတ်သွားဖြတ်လာများသော လမ်းမကြီး၏ ဘေးတွင် ကော်ဖီဆိုင်တစ်ဆိုင်ရှိပါသည်။ ကော်ဖီဆိုင်ပတ်လည်ကို မှန်များဖြင့် ပြင်ဆင်ထား သောကြောင့် ဆိုင်အတွင်းမှ လမ်းမပေါ်တွင် အလုပ်ရှုတ်လျက်ရှိကြသော ကားများ၊ လူများကို ကောင်းစွာမြင်နိုင်သော်လည်း ဆိုင်အတွင်းတွင် တော့ တိတ်ဆိတ်လွန်းနေ၏ ။ နောက်ပြီး ဆိုင်ထဲမှာ အလင်းရောင်လည်း ကောင်းစွာရှိနေသေးသည်။

ဦးတက်နေခ နံနက်တိုင်း ဒီကော်ဖီဆိုင်လေးမှာ ထိုင်ဖြစ်သည့် အကြောင်းအရင်းက ဆိုင်အတွင်းတိတ်ဆိတ်နေခြင်း၊ အစားအစာလတ်ဆတ်ခြင်း၊ ဆိုင်အတွင်း အလင်းရောင်ကောင်းစွာရခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် သူတာဝန်ကျရာ ဆေးရုံနှင့်လည်း နီးပါသေးသည်။

အိမ်မှ ဇနီးနတ်ပန်းချီပြုလုပ်ပေးသော မနက်စာကို နေ့တိုင်းလိုလို သူစားခဲ့သော်လည်း ဒီကော်ဖီဆိုင်လေးတွင်တော့ ကော်ဖီတစ်ခွက်သောက် ရင်း Myanmar Time ကို စိန်ပြေနပြေဖတ်တတ်ပါသေးသည်။

အသက် ၄၀ ဝန်းကျင်၊ အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ ရုပ်ရည်သန့်ပုံ့သော ဦးတက်နေခကိုလည်း ဆိုင်မှ ဝန်ထမ်းတော်တော်များများက မှတ်မိနေပြီပင်။

ထို့ကြောင့် တခါတလေ ဆိုင်ထဲတွင် သီချင်းအေးအေးဖွင့်ထားမိလျှင်လည်း ဦးတက်နေခ ရောက်လာလျှင် ထိုသီချင်းကို ပိတ်ပေးတတ်ပါသည်။

"ကျွန်တော် ဒီခုံမှ ခဏထိုင်ပါရစေနော်"

Myanmar Time ကို စိန်ပြေနပြေဖတ်နေသော သူ့စားပွဲခုံကိုခေါက်ကာ ပြောလိုက်သော လူကို ဦးတက်နေခ မော့ကြည့်လိုက်မိပါသည်။

အသက် ၂၀ ဝန်းကျင်၊ မျက်ခုံးကောင်းကောင်း ရုပ်ရည်သန့်သန့် လူငယ်တစ်ယောက်ဖြစ်သော်လည်း ပုံစံက အနည်းငယ်တော့ ညှင်းသိုးသိုး နိုင်ပါသည်။

"Sorry ပါကွာ။ ကိုယ်က ကော်ဖီသောက်ရင်း စာဖတ်နေတဲ့အချိန်ဆို အနားမှာ လူတစ်ယောက်ရှိမှာကို သိပ်သဘောမကျတတ်ဘူး"

အားနာပြုံးနှင့် သူ ပြန်ငြင်းလိုက်သော်လည်း ချာတိတ်က သူ့အရှေ့ရှိ ထိုင်ခုံကိုဆွဲကာ ဝင်ထိုင်လိုက်ပါသည်။

"Sorry ပါ ဦးတက်နေခ။ ကျွန်တော် ဒီထိုင်ခုံမှာ ထိုင်မှဖြစ်မှာမို့ပါ"

ပြောပြီး မျက်နှာပြောင်တိုက်ကာ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သော ချာတိတ်ကို သူ နားမလည်စွာ ငေးကြည့်လိုက်မိပါသည်။

“နေပါဦး။ မင်းက ကိုယ့်နာမည်ကို ဘယ်လိုလုပ်သိနေတာလဲ”

“ကျွန်တော့်ကို မေးခွန်းတွေ မမေးနဲ့ဦး ဦးတက်နေခ။ အခု ဒေါ်နတ်ပန်းချီ ဘာတွေလုပ်နေတယ်ဆိုတာ ဦးတက်နေခ သိလား?”

သူ့နာမည်ကိုသာမက၊ သူ့အမျိုးသမီးနာမည်ကိုပါ သိနေသော ထိုချာတိတ်က ဘယ်သူပါလိမ့်။ သေချာသည်က သူအရင်က ထိုချာတိတ်ကို မမြင်ဖူးပါ။ သိလည်း မသိဖူးပါ။

“မင်း ကိုယ့်နီးနာမည်ကို ဘယ်လိုလုပ်သိတာလဲ?”

“ဒေါ်နတ်ပန်းချီက ဦးတက်နေခရဲ့ ဇနီးဖြစ်ပေမဲ့ အခုတလော နတ်ပန်းချီဘေးမှာ တခြားကောင်လေးတစ်ယောက် ရှိရှိနေတတ်တယ်နော်။ အဲ့ဒါ ဦးတက်နေခ သိလား?”

ထိုင်ခုံတွင် ခွင့်မတောင်းပဲ ဝင်ထိုင်လိုက်သော ကောင်လေးက သူ့ရင်ထဲတွင် ဒိန်းခနဲဆိုသည့် ခံစားမှုကြီးကို အစဖော်ပေးလိုက်ပါသည်။

“မင်းဘာရည်ရွယ်ချက်နဲ့ ဒီစကားတွေပြောနေတာလဲ။ နောက်ပြီး ငါ့ဇနီးက ဂုဏ်သိက္ခာမဲ့တဲ့ အမျိုးသမီးတစ်ယောက်မဟုတ်ဘူး”

“မမှားသောရှေ့နေ၊ မသေသော ဆေးသမားဆိုတာ မရှိပါဘူး ဦးတက်နေခ”

ရဲတင်းသည့်အကြည့်နှင့်အတူ ပြောလိုက်သော ချာတိတ်စကားကြောင့် သူ ငိုင်ကျသွားရပါသည်။

“ကျွန်တော် အကျိုးကြောင်း မခိုင်လုံပဲနဲ့ မပြောပါဘူး ဦးတက်နေခ။ သေချာအောင် ပြန်ဆန်းစစ်ကြည့်လိုက်ပါဦး။ တယ်လို့ ကျွန်တော့်ကို ဆက်သွယ်ချင်တယ်ဆိုရင် ကျွန်တော့်ဖုန်းနံပါတ်ကို ရေးပေးခဲ့ပါ့မယ်”

ပြောပြောဆိုဆိုနှင့် ချာတိတ်က စားပွဲပေါ်တွင်ရှိနေသော Tissue ဗူးထဲမှ

တစ်ရွက်ကိုယူပြီး အသင့်ပါလာသော ဘောပင်နှင့် ဖုန်းနံပါတ်တစ်ခုကို ချရေးလိုက်ပါသည်။

"အလုပ်တွေကိုပဲ အချိန်ပေးမနေပါနဲ့ ဦးတက်နေခ။ ကိုယ့်အိမ်ထောင်ရေးကိုလည်း နည်းနည်းတော့ အချိန်ပေးသင့်ပါတယ်"

ပြောပြီးသည်နှင့် ချာတိတ်က သူ့အရှေ့မှထွက်သွားပေပြီ။

စိုးရိမ်ထိတ်လန့်မှုကြီးနှင့်အတူ သူ့ခံစားချက်များ ရှုတ်ယှက်ခတ်ကုန်၏ ။ သို့သော် ဘယ်ကမှန်း၊ ဘယ်သူမှန်း မသိသည့် ချာတိတ်တစ်ယောက်၏ စကားကိုယုံပြီး ဂုဏ်သရေရှိ သူ့ဇနီးကို သူ သံသယတွေ ဖြစ်ပေါ်သင့်လို့လား။ ဒါဆို မဖြစ်ပေါ်သင့်ဘူးလား။

သူ သေချာမသိတော့။ ဖတ်လက်စ Myanmar Time ဂျာနယ်ထဲတွင် သတင်းများ မရှိတော့သလို၊ သူသောက်နေသည့် ကော်ဖီကလည်း ရေကဲ့သို့ အရသာမဲ့ပြီး အေးစက်သွားပေပြီ။

စိုးရိမ်မှုများနှင့်အတူ အခုပဲ သူ အိမ်သို့ ပြန်လိုက်သင့်ပြီလား။ ဒါမှ မဟုတ် နတ်ပန်းချီအနောက်သို့ နောက်ယောင်ခံလိုက်သင့်ပြီလား။

သူဘာဆက်လုပ်ရမည်နည်း။

နေပါဦး။ ခဏတော့ နေပါဦး။ ပုံ့လွင့်နေတဲ့ အာရုံတွေကို ခဏတော့ ရအောင် စုစည်းရပါသည်။ ထို့နောက် ဘာဆက်လုပ်သင့်သည်ကိုတွေးရပါ ၏ ။ သူများစကားကိုယုံကြည်ပြီး နတ်ပန်းချီကို သူ မယုံနိုင်တော့ဘူးလား။ အခုန ချာတိတ်စကားများက နောက်ပြောင်သည့် စကားများလည်း ဖြစ်နိုင်သည်ပဲ။ ဒါဆို ဒီကောင်က ဘာ့ကြောင့် သူများအိမ်ထောင်ရေးကို ဝင်နှောင့်ရသနည်း။ ဘာ့ကြောင့်လဲ။

တကယ်တော့ ကော်ဖီဆိုင်ထဲတွင် တိတ်ဆိတ်နေပါသည်။

သို့သော် ဦးတက်နေခ၏ နားစည်ထဲတွင်တော့ လူအများ၏ ဟားတိုက်ရယ်မောသံတွေကို ကြားနေရပါတော့သည်။

ပတ်ဝန်းကျင်က ဟားတိုက်ရယ်မောသံများဖြစ်ပါသည်။

*

ဆေးရုံသို့ရောက်လာပြီဖြစ်သော်လည်း ဘယ်လူနာကိုမှ သူ မကြည့်ပေးနိုင်သေးပါ။

အရင်ဦးဆုံး သူ့အတွက် သီးသန့်ပေးထားသော ရုံးခန်းလေးထဲသို့ ဝင်လိုက်ပြီး တံခါးပြန်ပိတ်ကာ ဂျက်ပါချလိုက်ပါသည်။

ထို့နောက် သူ့ ဆုံလည်ကုလားထိုင်တွင် ထိုင်လိုက်ပြီး ခေါင်းကို ခုံတွင် မှီထားလိုက်မိပါသည်။ ရှုတ်ယှက်နေသော အတွေးများကို အားယူကာ ဖယ်ရှားရင်း သူ့အိမ်ထောင်ရေးကို သေချာစွာတွေးကြည့်လိုက်မိပါသည်။
ပြန်လည်သုံးသပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။

နတ်ပန်းချီနှင့် သူ ဆေးကျောင်း ဒုတိယနှစ်တွင် စတင်တွေ့ရှိခဲ့ကြသည်။ သူငယ်ချင်းအဖြစ် ၆ လ ဖြတ်သန်းပြီး သူတို့ ချစ်သူများဖြစ်ခဲ့ကြသည်။

နောက်ပြီး ချစ်သူများအဖြစ် ၂ နှစ်တာ ကာလကို ဖြတ်သန်းပြီးနောက် သူတို့ လက်ထပ်ခဲ့ကြပါသည်။

လက်ထပ်ပြီး သူတို့အိမ်ထောင်ရေးလေးက ဆွယ်တာလက်အိတ်လေးကဲ့သို့ နွေးထွေးလှပါသည်။

သူတို့ အိမ်ထောင်အသက် ၄ နှစ်အကြာတွင် နတ်ပန်းချီ ပထမဦးဆုံး ကိုယ်ဝန်ဆောင်ဖြစ်ပါသည်။ သူတို့မိသားစုထဲသို့ ပြေးဝင်လာတော့မည့် ကလေးလေးတစ်ယောက်ကို သူတို့ဇနီးမောင်နှံနှစ်ယောက်လုံး တက်ညီလက်ညီ ကြိုဆိုခဲ့ကြပါသည်။

ကလေးအသုံးအဆောင်များကိုလည်း ပျော်ရွှင်စွာ
ဝယ်ဖြစ်ခဲ့ကြပါသေးသည်။

နောက်ပြီး ကလေးအတွက် ခိုင်မာလှသော အနာဂတ်များကိုလည်း ပျော်ရွှင်စွာ အစီစဉ်များပြုလုပ်ရင်းနှင့်ပင် နတ်ပန်းချီ၏ မီးဖွားရက်က တစ်ဖြည်းဖြည်းနီးကပ်လို့လာပါတော့သည်။

မီးဖွားရက်နီးကပ်လေလေ သူတို့ဇနီးမောင်နှံ ပိုပြီးမျှော်လင့်မိလေလေ၊ ပျော်ရွှင်ရလေလေဖြစ်ပါသည်။

သို့သော် ထိုပျော်ရွှင်မှုများ၊ နွေးထွေးမှုများ၊ မျှော်လင့်မှုများကို လစ်လျူရှုပြီး နတ်ပန်းချီမွေးဖွားလိုက်သော သားလေးက သုံးနာရီမျှသာ အသက်ရှင်သွားရပါသည်။ ကလေးလေးက မီးဖွားပြီး သုံးနာရီအကြာမှပင် မွေးရာပါ Jaundice ဖြင့် သေဆုံးသွားခဲ့ပါသည်။

သူတို့ဇနီးမောင်နှံဘဝလေးတွင် ရတ်တရက် အပျော်များကုန်ဆုံးသွားသလို၊ ရယ်မောမှုများလည်း ရပ်တံ့သွားခဲ့ရပါသည်။

ထို့အပြင် ဘဝတာဝန်ဖြစ်သော ဘွဲ့ရ၊ အလုပ်ဝင်သည်နှင့်တိုက်ဆိုင်နေသောကြောင့် သူတို့အိမ်ထောင်ရေးလေးက သိသာစွာ တိတ်ဆိတ်သွားခဲ့ ရပါသည်။ ထိုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့သော မင်္ဂလာနှစ်ပတ်လည်နေ့ဆိုတာလည်း ပျောက်ချင်းမလှ ပျောက်ရှသွားရပါသည်။

ထို့အပြင် နတ်ပန်းချီက ရင်သွေးလေးကို ဆုံးရှုံးလိုက်ရသည်မှာ သူမကြောင့်ဟု မြင်ပြီး နောက်ထပ်ကလေးယူဖို့ကိုလည်း အသည်းအသန် တားမြစ်ငြင်းဆန်ခဲ့လေသည်။ ခြောက်ကပ်ကပ်ဖြင့် အခု သူတို့အိမ်ထောင်သက်တမ်းမှာ ၁၉ နှစ်တာ ကြာမြင့်ခဲ့ပေပြီ။

အချိန်ကြာလာသည်နှင့်အမျှ ရင်တွင်းအနာက ကျက်သွားရမည့်အစား တဖြည်းဖြည်းပိုလို့ လောင်ကျွမ်းလာပါသည်။

အခုထက်ထိ နတ်ပန်းချီသည် လမ်းပေါ်တွင် ကလေးနှင့်အမေ နှစ်ယောက်ကိုတွဲပြီးမြင်လိုက်တိုင်း မျက်ရည်ဝဲနေရဆဲဖြစ်သည်။

သူရော… သူလည်း ဘာမှ မထူး။ နတ်ပန်းချီရဲ့ ခံစားမှုများကို လျော့ကျသွားအောင်လည်း မဖန်တီးပေးနိုင်။ နောက်ထပ်ကလေးယူဖို့ကိုလည်း သူ ဘာမှ အားစိုက်မထုတ်တော့။ သူမ စိတ်ကြိုက်သာ ဘဝကိုလွတ်လပ်ခွင့်ပေးထားခဲ့ပါတော့သည်။

အိမ်ထောင်သက် ၅ နှစ်ကြာပြီးကတည်းက သူတို့အိမ်ထောင်ရေးကြီးက သိသိသာသာ အေးစက်သွားကာ အရာအားလုံး ရင့်ကျက်သွားရပါ၏ ။

သူ့အဖို့ကတော့ အရာရာတာဝန်ကျေလှသော၊ ဂုဏ်သရေရှိလှသော ဇနီး နတ်ပန်းချီ၏ မျက်နှာလေးကို အိမ်ပြန်တိုင်း မြင်တွေ့နေခွင့်ရနေသေး သောကြောင့် ခံသာရာရနေပါသေးသည်။

တစ်ခါတစ်ခါတော့ သူတို့ဇနီးမောင်နှံ စိတ်ပြေလက်ပျောက် ခရီးထွက်ဖြစ်ပါသေးသည်။

သို့သော် ကလေးဆုံးရှုံးလိုက်ရသော ခံစားချက်ကြောင့်တစ်ကြောင်း၊ တဖြည်းဖြည်း အသက်ရလာသည်က တစ်ကြောင်းကြောင့် သူတို့အိမ်ထောင်ရေးက ရှေးဆန်လာပြီး ရင့်ကျက်လာသည်ဆိုလျှင် သူ မငြင်းနိုင်ပါ။

အခု ဘယ်ကနေ၊ ဘယ်လို နတ်ပန်းချီက နောက်ထပ်ယောကျ်ားလေးတစ်နှင့်တွဲနေရပါသနည်း။ သူမက ပျောက်ဆုံးနေသည့် ပျော်ရွှင်မှုများကို ထိုနည်းဖြင့် ရှာဖွေတာများလား။ ဟင့်အင်း။ မဖြစ်နိုင်ပါ။ နတ်ပန်းချီပြောလေ့ရှိတဲ့စကားတစ်ခွန်းက သူ့အာရုံထဲ ပဲ့တင်ထပ်လာပါ၏ ။

“ပန်းချီ့ဘဝမှာ ကိုနေဆိုတဲ့ယောကျ်ားတစ်ယောက်ကိုပဲ ချစ်ဖူးပြီး ကိုနေ့ကိုပဲ အပိုင်ရဖူးတာပါ။ ကိုနေ့ကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံပါရစေနဲ့ နော်”

သူ စိတ်ညစ်လို့ မှိုင်တွေတွေဖြစ်နေတိုင်း သူမက ထိုစကားလေးဖြင့် အားပေးနှစ်သိမ့်လေ့ရှိပါသည်။

ဘာတွေလဲ? နတ်ပန်းချီက ဒီလိုအိမ်ထောင်ရေးဖောက်ပြန်ဖူးသည့် အမျိုးသမီးမဟုတ်။ နောက်ပြီး ထိုသို့ဖောက်ပြန်ချင်စိတ်မရှိသည့် အမျိုး သမီး။ သူ့ဇနီးအကြောင်းကို သူ ကောင်းကောင်းသိနေသည်ပဲ။

ဟိုချာတိတ်က သူ့ကို လာပြီးခေါင်းစားသွားခြင်း သက်သက်ပဲလား။ နာမည်ကိုပါ တကူးတကန့်သိနေတဲ့ ဟိုချာတိတ်ရဲ့ ရည်ရွယ်ချက်ကဘာလဲ?

ဘာပဲဖြစ်ဖြစ်ပါ။ ကိုယ့်ဇနီး နတ်ပန်းချီကို အရင်ထက်ပိုပြီး ဂရုစိုက်ရန်တော့ ဦးတက်နေခ ဆုံးဖြတ်လိုက်မိပါသည်။ နောက်ပြီးအခုအချိန် နတ်ပန်းချီဘာတွေများ ခံစားနေရပါသနည်း။ ဟုတ်တယ်။ သူ နတ်ပန်းချီကို ပိုပြီးဂရုစိုက်သင့်ပါ၏ ။ အရင်ထက်ပိုပြီးပေါ့။

အရင်ထက်ပိုပြီး ဂရုစိုက်သင့်သည်ပေါ့။

*